တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ (၂-၁၁-၂၀၂၆)
မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

စဉ်	မေးခွန်း	အဖြေ
၁	**ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်**က စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စုအား ပလိပ်မြို့အဖြစ် မြို့အဆင့်တိုးချဲ့ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာန**က မြို့အဆင့်တိုးချဲ့ ပြင်ဆင် ဖွဲ့စည်းရန် မြို့အဂိါရပ်နှင့်ပြည့်စုံရမည့်အချက် (၂၁) ချက်အနက် (၅) ချက် ကိုက်ညီမှု မရှိခြင်းကြောင့် တိုးချဲ့ပြင်ဆင် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။
၂	**ဦးမောင်ရွှေ၊ လွိုင်ကော်ဆန္ဒနယ်**က လောပိတမြို့၌ ရဲစခန်းရုံးနှင့် ဝန်ထမ်းများနေထိုင်ရန် အိမ်ရာအဆောက်အဦများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာနက** လုံခြုံရေးအခြေအနေ ကောင်းမွန်သည့်အချိန်မှသာ ခြံစည်းရိုးကာရံခြင်း၊ ရုံးနှင့်ဝန်ထမ်းအိမ်ရာများကို နီးစပ်ရာဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားတောင်းခံပြီး ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၃	**ဦးဟံသာဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်**က ကျောက်ကြီးမြို့နယ်နှင့် နတ်သံကွင်းမြို့ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေးနှင့် ကျောက်ကြီး- နတ်သံကွင်း- ပဲန္နယ်ကုန်းလမ်းအား အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာနက** အကြမ်းဖက်သောင်းကျန်းသူများမှ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ မကြာခဏပြုလုပ်လျက်ရှိ၍ ဒေသခံပြည်သူများ ပြန်လည်နေထိုင်ရန် မသင့်လျော်သေးပါကြောင်းနှင့် လုံခြုံရေးအခြေအနေကောင်းမွန်သည့် အချိန်မှသာ ပြန်လည်နေရာချထားခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၄	**ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည်မဲဆန္ဒနယ်**က မျိုးဆက်သစ်များ၏ ကျောင်းပညာရေးတွင် ယဉ်ကျေးမှု ဘဝနေနည်းဆိုင်ရာ အသိပညာ စာပေများ သင်ကြားပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာနက** ယဉ်ကျေးမှုဆိုင်ရာ ပြည်သူ့နီတိ၊ ဒီမိုကရေစီ သဘောသဘာဝနှင့် အသိပညာစာပေများကို သင်ကြားပေးရုံသာမက ဆရာ ဆရာမလောင်းလျာများကိုလည်း ဆင့်ပွားသင်တန်းများ ပို့ချသင်ကြားပေး လျက်ရှိကြောင်း ဖြေကြားပါသည်။
၅	**ဦးဗန်နီ၊ ဟားခါးမဲဆန္ဒနယ်**က ဥပဒေမဲ့ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင် ကျောင်းများအား အရေးယူရန်နှင့် တရားဝင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြည့်ကြပ်မတ်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာနက** ပုဂ္ဂလိကပိုင်ကျောင်းများကို ၂၀၂၃ ခုနှစ် ပုဂ္ဂလိက ပညာရေးဥပဒေ၊ ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများနှင့်အညီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးလျက် ရှိပါ ကြောင်းနှင့် စနစ်တကျရှိစေရေး အလေးထားကြပ်မတ် ဆောင်ရွက်လျက်ရှိ ပါကြောင်း ဖြေကြားပါသည်။
၆	**ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်**က ဥပဒေပညာဘာသာရပ်ကို အခြေခံ ပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားနိုင်ရေး မည်သည့်နှစ်မှ စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်း ပါသည်။	**ပညာရေးဝန်ကြီးဌာနက** စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်များအပြင် ဥပဒေ အသိပညာ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မှစတင်၍သင်ကြားလျက်ရှိပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၇	**ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်**က ကျောင်းကုန်းမြို့နယ်၊ ဂုံမင်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် (66 KV) ခွဲရုံ တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ပေး မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ကျောင်းကုန်းဓာတ်အားခွဲရုံတည်ဆောက် ပြီးစီးပါက ဂုံမင်းကျေးရွာ လျှပ်စစ်မီးရရှိရေးဓာတ်အားလိုင်း ၅.၂ မိုင်နှင့် ထရန်စဖော်မာတစ်လုံး တည်ဆောက်ရန်လျာထား ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၈	**ဒေါ်အေးမြမြကြိုင်၊ သာကေတမဲဆန္ဒနယ်**က သာကေတမြို့နယ် အတွင်း 11 KV Feeder Lines များ၊ 400 V Lines များနှင့် Transformer များကို အပိုင်းလိုက်အသစ်လဲခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာနှစ်နှင့် လာမည့်ဘဏ္ဍာနှစ်အတွင်း မည်သို့စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** အပိုင်းလိုက်အသစ်လဲခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေခွင့်ပြုချက်အပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၉	**ဦးစိုင်းထွန်းလင်း၊ မိုးနဲမဲဆန္ဒနယ်**က မိုးနဲမြို့နယ်၊ နောင်ဟီးကျေးရွာအုပ်စုရှိ လွယ်ဆိုင်၊ နမ့်အွန်နှင့် ပါဟာကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** လျှပ်စစ်မီးရရှိရေး ဓာတ်အားလိုင်း ၁.၄၇ မိုင်နှင့် ထရန်စဖော်မာ ၃ လုံးအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင် လျာထား၍ ရွာစဉ်အလိုက် တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။